KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ**

မေလ ၁၁ရက်၊ ၂၀၂၀ခုနှစ်/KHRG စာအမှတ်-20-37-D1

# မူတြော်ခရိုင် ဒေသတွင်းအစီရင်ခံစာ: ဒွယ်လိုးမြို့နယ်တွင် တပ်မတော်မှ KNPF ချမှတ်ထားသည့် ကိုဗစ်-(၁၉) ကျန်းမာရေးစစ်ဆေးရေးဂိတ်များကို ဖျက်ဆီးခြင်းကြောင့် တပ်မတော်နှင့် KNLA အကြား ပစ်ခတ်မှုများဖြစ်ပွား (၂၀၂၀ခုနှစ်၊ မေလ)

*ဤအစီရင်ခံစာတွင် ၂၀၂၀ခုနှစ်၊ မေလအတွင်း မူတြော် (ဖာပွန်) ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် အခြေအနေ၊ အဖြစ်အပျက်များကို ဖော်ပြထားပါသည်။ ၂၀၂၀ခုနှစ်၊ မေလ ၆ရက်နေ့တွင် တပ်မတော်စစ်သားများသည် ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF) မှ ဆောက်လုပ်ချမှတ်ထားသည့် ကိုဗစ်-(၁၉) ကျန်းမာရေး စစ်ဆေးရေးဂိတ်နှစ်ခုကို ဖျက်ဆီးခဲ့ပါသည်။ အကျိုးဆက်မှာ တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက် ရေးတပ်ဖွဲ့ (KNLA) အကြား တင်းမာမှုများ ဖြစ်ပေါ်လာပြီး ဖာပွန်-ကမမောင်းလမ်းတစ်လျှောက်တွင် ပစ်ခတ် မှုများ မကြာခဏဖြစ်ပွားခဲ့ပါသည်။ ထိုနောက်ပိုင်းတွင် တပ်မတော်နှင့် KNLA စစ်သားများမှ ခရီးသွားလာမှု များကို ပိတ်ပင်ကန့်သတ်ခဲ့ပါသည်။ တစ်ချို့သောဖြစ်စဉ်များတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက်ကြောင့် ဒေသခံရွာသားများသည် ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ဒေသခံလူထုများသည် ၎င်းတို့၏လုံခြုံရေးအခြေ အနေနှင့်ပတ်သတ်ပြီး ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ပြီး တစ်ချို့သောရွာသားများသည် ၎င်းတို့နေထိုင်သည့်ရွာအပြင်ဘက်တွင် သွားလာလုပ်ကိုင်ရန် ကြောက်ရွံ့နေကြပါသည်။*[1]

## တပ်မတော်မှ KNPF ချမှတ်ထားသည့် ကိုဗစ်-(၁၉) ကျန်းမာရေးစစ်ဆေးရေးဂိတ်များကို ဖျက်ဆီးခြင်း

၂၀၂၀ခုနှစ်၊ မေလ ၆ရက်နေ့ မနက်ပိုင်း(၁၁)နာရီအချိန်တွင် စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် (၈) လက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၄၁၀) မှ တပ်မတော်စစ်သားများသည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ခေါ်ကလား (အုန်းတော) ကျေးရွာတွင် KNPF အဖွဲ့မှ ဆောက်လုပ် ထားသည့် ကိုဗစ်-(၁၉) ကျန်းမာရေးစစ်ဆေးရေးဂိတ်တစ်ခုကို ဖျက်ဆီးခဲ့ပါသည်။ အဆိုပါတပ်မတော်စစ်

[1] ဤအစီရင်ခံစာသည် ၂၀၂၀ခုနှစ်၊ မေလတွင် ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်ရှိဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြ ထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

သားများသည် ဒုတပ်ရင်းမှူးအေးမင်းထွန်းနှင့် တပ်ခွဲမှူးဖိုးမင်းကျော်တို့၏လက်အောက်ခံစစ်သားများ ဖြစ်ပါသည်။

၎င်းဖျက်ဆီးခံရသည့် ကိုဗစ်-(၁၉) စစ်ဆေးရေးဂိတ်ကို ၂၀၂၀ခုနှစ်၊ ဧပြီလအစောပိုင်းတွင် ဆောက်လုပ်ခဲ့ပါသည်။ အစပိုင်းတွင် တပ်မတော်သည် ဒေသခံ ကရင်အမျိုးသားအစည်းအရုံး (KNU) အာဏာပိုင်များနှင့် ကျန်းမာရေးလုပ်သားများမှ ကိုဗစ်-(၁၉) စစ်ဆေးရေးကို ဆောက်လုပ်ရန် အသိမှတ်ပြု သဘောတူညီခဲ့ခြင်း မရှိခဲ့ပေ။ ကိုဗစ်-(၁၉) စစ်ဆေးရေးဂိတ်ဆောက်လုပ်ပြီးစီးနောက်ပိုင်းတွင် တပ်မတော်စစ်သားများသည် ၎င်းဒေသဧရိယာတစ်ဝိုက်တွင် မကြာခဏစတင်သွားလာလှုပ်ရှားခဲ့ပါသည်။ နောက်ဆုံးတွင် ခမရ အမှတ် (၄၁၀) မှ တပ်မတော်စစ်သားများ အယောက်လေးဆယ်ခန့်သည် အဆိုပါစစ်ဆေးရေးဂိတ်ကို ရောက်ရှိလာပြီး မီးရှို့ဖျက်ဆီးခဲ့ပါသည်။ တပ်မတော်စစ်သားများသည် လက်နက်ခဲယမ်းများအပြည့် ကိုင်ဆောင်၍ ရောက်ရှိလာသည့်အတွက်ကြောင့် ဘာကြောင့်များ စစ်ဆေးရေးဂိတ်တွင် အလုပ်လုပ်နေသော KNLA စစ်သားများအပေါ် တိုက်ရိုက်ပစ်ခတ်မှုများ မပြုလုပ်ခဲ့သည်ကို ကျေးရွာအာဏာပိုင်များက ၎င်းတို့အား မေးမြန်းခဲ့ပါသည်။ တပ်မတော်စစ်သားများမှ အကယ်၍ KNLA စစ်သားများက ၎င်းတို့အား စတင်ပစ်ခတ်မှသာလျှင် ၎င်းတို့လည်း ပြန်လည်ပစ်ခတ်မည်ဟု ဖြေကြားခဲ့ပါသည်။

၎င်းအခင်းမဖြစ်ပွားမီအချိန်တွင် ခမရ အမှတ် (၄၁၀) မှ တပ်မတော်စစ်သားများသည် မာထောရွာသား တစ်ဦး၏ကားဖြင့် ၎င်းတို့အား စစ်ဆေးရေးဂိတ်သို့ လိုက်လံပို့ဆောင်ရန်အတွက် ထိုရွာသားအား ခိုင်းစေခဲ့ပါသည်။ အဆိုပါရွာသားသည် ၎င်းတို့နှင့်လိုက်ပါစီးနင်းရန်ကြောက်ရွံ့ခဲ့သဖြင့် တပ်မတော်စစ်သားများအား သူ၏ကားကို ငှားရမ်းခဲ့ပါသည်။ ထို့နောက် တပ်မတော်စစ်သားများက ၎င်း၏ကားကို ငှားရမ်းခဲ့ပြီး သူ့အား ကားပြန်ပေးနံ့ခဲ့သောအခါတွင် ကား၏တစ်ချို့သောအစိတ်အပိုင်းများသည် ပျက်စီးခဲ့ပါသည်။ သို့သော် ၎င်းတို့မှ ပျက်စီးသွားသော ကားအစိတ်အပိုင်းများကို ပြန်လည်ပြုပြင်ပေးရန်အတွက် ထိုရွာသားအား အခကြေးငွေ ပေးဆောင်ခဲ့ခြင်း မရှိခဲ့ပေ။

တဖန် ၂၀၂၀ခုနှစ်၊ မေလ ၆ရက်နေ့တွင်လည်း စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် (၈) လက်အောက်ခံ ခမရ အမှတ် (၄၀၅)မှ တပ်မတော်စစ်သားများသည် လက်နက်ခဲယမ်းအပြည့် ကိုင်ဆောင်လာပြီး ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ ဝါသိုးခိုကျေးရွာတွင်ရှိသည့် KNPF ရဲတပ်ဖွဲ့၏ကိုဗစ်-(၁၉) ကျန်းမာရေးစစ်ဆေးရေး ဂိတ်တစ်ခုကို မီးရှို့ဖျက်ဆီးခဲ့ပြန်ပါသည်။ ထိုနေ့တွင်မှု ဒွယ်လိုးမြို့နယ်၊ ထီးလော်သီထကျေးရွာအုပ်စု၊ နစ်ဆယ့်တစ်မိုင်လမ်းတွင် KNLA စစ်သားများမှ ခမရ အမှတ် (၄၀၅)မှ တပ်မတော်စစ်သားများအား ပစ်ခတ်ခဲ့သည့် နောက်ပိုင်းတွင် နှစ်ဦးနှစ်ဖက်ကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထို့နောက် ခေါ်ကလား (အုန်းတော) ကျေးရွာရှိ ကျန်းမာရေးစစ်ဆေးရေးဂိတ်ကို မီးရှို့ဖျက်ဆီးခဲ့သည့် ခမရ အမှတ် (၄၁၀)မှ တပ်မတော်စစ်သားများသည် ၎င်းတို့၏ရဲဘော်များကို ကူညီရန် တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာသို့ ရောက်ရှိလာခဲ့သည်။

အဆိုပါတိုက်ပွဲဖြစ်ပွားခဲ့သည့် နစ်ဆယ့်တစ်မိုင်ဒေသတွင် အရပ်သားများ နေထိုင်သည့်မိသားစုတစ်စုရှိပါသည်။ KNLA စစ်သားများသည် ၎င်းတို့အား (အခြေအနေပြန်ကောင်းလာသည့်အထိ) အခြားနေရာသို့ ရွှေ့ပြောင်းနေထိုင်ရန် ခိုင်းစေခဲ့သည်။ အခုချိန်တွင် ထိုအရပ်သားမိသားစုသည် ၎င်းတို့၏ဇာတိဒေသဖြစ်သော ခေါ်တော် (မြိုင်ကြီးငူ) ဒေသတွင် နေထိုင်နေပါသည်။ နစ်ဆယ့်တစ်မိုင်ဒေသတွင် ထီးဆောမဲ (ဆင်စွယ်) ရွာမှ စိုက်ပျိုးရေးလုပ်ငန်းဖြင့် လာရောက်လုပ်ကိုင်နေသည့် မိသားစုဝင် (၆) စု သို့မ ဟုတ် (၇) စုခန့်ရှိပါသည်။ ၎င်းတို့သည်လည်း ၎င်းတို့၏ရပ်ရွာသို့ ပြန်လည်နေထိုင်ခဲ့ပါသည်။




*အထက်ပါပုံများကို ၂၀၂၀ခုနှစ်၊ မေလ ၇ရက်နေ့တွင် ရိုက်ယူခဲ့ပါသည်။ ပုံတွင် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ခေါ်ကလားကျေးရွာတွင် ရှိသည့် KNPF ဆောက်လုပ်ထားသည့် ကိုဗစ်-(၁၉) ကျန်းမာရေးစစ်ဆေးရေးဂိတ်ကို တပ်မတော်မှ မီးရှို့ဖျက်ဆီးခဲ့သည်ကို ဖော်ပြထားပါသည်။ (ဓါတ်ပုံများ- KHRG)*

**တပ်မတော်နှင့် KNLA အကြား ပစ်ခတ်မှုများ ဖြစ်ပွားခြင်း**

၂၀၂၀ခုနှစ်၊ မေလ ၇ရက်နေ့ ညနေပိုင်း ၄ နာရီ ၄၅မိနစ်တွင် မာထောတပ်စခန်းရှိ ခမရ အမှတ် (၄၁၀) မှ တပ်မတော်စစ်သားများသည် သွခို့လော်ကျေးရွာကို လက်နက်ကြီးသုံးလုံး ပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီး သုံးလုံး အနက်တစ်လုံးမှာ မပေါက်ကွဲခဲ့ပါ။ သို့သော် ထိုလက်နက်ကြီးများသည် မည်သည့်နေရာတွင် ကျရောက်ခဲ့သည်ကို ဒေသခံရွာသားများက မသိကြပေ။ ထိုဒေသတွင် တပ်မတော်နှင့် KNLA အကြား ပစ်ခတ်မှုများဖြစ်ပွားခဲ့သည့်အတွက်ကြောင့် ဒေသခံအချို့များမှာ ထွက်ပြေးပုန်းရှောင်ခဲ့ရပါသည်။ ဒေသခံ ရွာသားများသည် မည်သည့်အချိန်မှ အေးချမ်းစွာနေထိုင်နိုင်လိမ့်မည်အကြောင်းကို စိုးရိမ်ပူပန်စွာဖြင့် ပြောဆိုဖော်ပြကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အချိန်တိုင်း ထွက်ပြေးတိမ်းရှောင်နေရသောကြောင့် ဖြစ်ပါသည်။ ဒေသခံရွာသားများသည် ၎င်းတို့ရပ်ရွာအပြင်ဘက်တွင် သွားလာလှုပ်ရှားခြင်းများ မပြုလုပ်ရဲပေ။ အဘယ်ကြောင့်ဆိုသော် အကယ်၍ရပ်ရွာအပြင်ဘက်တွင် သွားလာလှုပ်ရှားမည်ဆိုပါက သေနတ်ဖြင့် အပစ်ခံရမည်ကို ၎င်းတို့က သိရှိထားသောကြောင့်ဖြစ်သည်။

၂၀၂၀ခုနှစ်၊ မေလ ၇ရက်နေ့ ညနေပိုင်း (၃)နာရီအချိန်တွင် ကူးဆိပ်ဒေသရှိ တပ်မတော်စခန်းအနီးနားတွင် ခမရ အမှတ် (၄၁၀)မှ တပ်မတော်စစ်သားများနှင့် KNLA တပ်ရင်းအမှတ် (၁၀၂) လက်အောက်ခံ တပ်ခွဲအမှတ် (၁) မှ စစ်သားများတို့အကြား ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ၂၀၂၀ခုနှစ်၊ မေလ၊ ၈ရက်နေ့တွင်လည်း တောင်သုံးလုံးဒေသတွင် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြန်ပါသည်။ မေလ ၉ရက်နေ့ ညနေ (၅)နာရီခန့်တွင် တပ်မတော်စစ်သားတစ်ဦးသည် ထီးဆောမဲဒေသတွင် မြေမြှုပ်မိုင်းတစ်လုံး တက်နင်းမိခဲ့သည့်အတွက် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မေလ ၁၁ရက်နေ့တွင်လည်း မောလိုကလိုး (ရေပူ)ဒေသတွင် ခမရ အမှတ် (၄၀၅) မှ တပ်မတော်စစ်သားများနှင့် KNLA တပ်ရင်းအမှတ် (၁၀၂) လက်အောက်ခံ တပ်ခွဲအမှတ် (၃) မှ စစ်သားများတို့အကြား ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြန်သည်။ သို့သော် နှစ်ဖက်စလုံးတွင် မည်သူမျှ သေဆုံးခဲ့ခြင်းမရှိခဲ့ဟု ထုတ်ဖော်တင်ပြခဲ့ပါသည်။

၂၀၂၀ခုနှစ်၊ မေလ ၁၆ရက်နေ့တွင်လည်း နှစ်ဆယ့်တစ်မိုင်တွင် ခမရ အမှတ် (၄၀၅) မှ တပ်မတော်စစ်သားများနှင့် KNLA တပ်ရင်းအမှတ် (၁၀၂) လက်အောက်ခံ တပ်ခွဲအမှတ် (၃) မှ စစ်သားများတို့အကြား ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြန်သည်။ ၂၀၂၀ခုနှစ်၊ မေလ ၁၈ရက်နေ့ မနက်ပိုင်း (၈)နာရီအချိန်တွင် ခါခို့ဒေသတွင် ခမရ အမှတ် (၄၀၅)နှင့် KNLA တပ်ရင်းအမှတ် (၁၀၂)၊ တပ်ခွဲအမှတ် (၃)တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ခါခို့ဒေသသည် ဝေါ်ဒူးဒေသနှင့်လည်းနီး၍ ၎င်းဒေသသည် လယ်ကွယ်နှင့် ဝါသိုးခိုရှိ

KNPF ရဲတပ်ဖွဲ့၏ကိုဗစ်-(၁၉) ကျန်းမာရေးစစ်ဆေးရေးဂိတ်တို့ကြားတွင် တည်ရှိသည်။ ခါခို့ဒေသတွင် နေထိုင်ကြသည့်ရွာသူရွာသားများ မရှိပါ။ သို့သော် လက်နက်ပစ်ခတ်မှုများကြောင့် တစ်ချို့သော စိုက်ပျိုးသီးပင်များ ပျက်စီးခဲ့ပါသည်။

**ခရီးသွားလာမှုများ ပိတ်ပင်ကန့်သတ်ခြင်း**

တပ်မတော်နှင့် KNLA တို့ကြား ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက်ကြောင့် ဖာပွန်တွင် အခြေစိုက်နေထိုင်သည့် တပ်မတော်နည်းဗျူဟာ (နဗဟ) သည် မေလ ၈ရက်နေ့မှစ၍ ဖာပွန်-ကမမောင်းလမ်းတစ်လျှောက်တွင် ညနေ (၆)နာရီမှ မနက် (၆)နာရီအထိ ညမထွက်ရအမိန့်ကို ထုတ်ပြန် ကြေညာခဲ့သည်။ ထိုဒေသရှိ ခလရ-အမှတ် (၁၉)၊ ခမရ အမှတ် (၃၄၁)၊ ခမရ အမှတ် (၄၃၄)၊ ခမရ အမှတ် (၃၄၀)နှင့် နဗဟ အပါအဝင် တပ်မတော်တပ်ရင်းများအားလုံးသည် ဝေမှုံကျေးရွာနှင့် ဖာပွန်ကြားရှိ ကားလမ်းမတစ်လျှောက် ၎င်းတို့အခြေစိုက်နေထိုင်သည့်စခန်းများ၏အရှေ့တွင် စစ်ဆေးရေးဂိတ်များ ချမှတ်ခဲ့သည်။ ဖာပွန်မြို့ထဲတွင်သော်လည်းကောင်း၊ ဖာပွန်အပြင်ဘက်တွင်သော်လည်းကောင်း သွားလာဝင်ရောက်မည့် အခြားသောလမ်း မရှိသဖြင့် ခရီးသည်များ တင်ဆောင်လာသောကားများသည် ခရီးသွားလာမှုအပေါ် ပိတ်ပင်ကန့်သတ်ချက်များကို လိုက်နာရသည့်အတွက်ကြောင့် ဖာပွန်သို့အချိန်မှီရောက်ရှိရန် အလျင်လို သွားလာနေရပါသည်။

KNLA အာဏာပိုင်များသည်လည်း ဖာပွန်-ကမမောင်းလမ်းပေါ်တွင် ခရီးသွားလာမှုများကို ပိတ်ပင်ကန့်သတ်ခဲ့သည်။ အရေးပေါ်အခြေအနေမှလွဲ၍ ဒေသခံအရပ်သားများသည် တနင်္လာနေ့နှင့် သောကြာနေ့ နှစ်ရက်သာ သွားလာခွင့်ရပါသည်။ ဖာပွန်-ကမမောင်းလမ်းတစ်လျှောက်တွင် KNU မှ KNPF ဦးဆောင်သည့် ကိုဗစ်-(၁၉) ကျန်းမာရေးစစ်ဆေးရေးဂိတ်လေးခု ချမှတ်တည်ဆောက်ခဲ့ပါသည်။ အဆိုပါကျန်းမာရေးစစ်ဆေးရေးဂိတ်များကို ကူးဆိပ်တွင် တစ်ခု၊ နှစ်ဆယ့်တစ်မိုင်တွင် တစ်ခု၊ ဖားလိုးတွင် တစ်ခုနှင့် ဝါသိုးခိုတွင် တစ်ခု တည်ဆောက်ခဲ့ပါသည်။ (တပ်မတော်နှင့်) တင်းမာမှုများ ဖြစ်ပွားခြင်းကြောင့် KNPF သည် ၎င်းတို့၏ကျန်းမာရေးစစ်ဆေးရေးဂိတ်များမှ ထွက်ခွာခဲ့ပါသည်။ ထိုဖာပွန်-ကမမောင်းလမ်း တစ်လျှောက်ရှိရွာများ၏အဝင်ဝတွင်လည်း KNU မှ အသေးစား ကိုဗစ်-(၁၉) ကျန်းမာရေးစစ်ဆေးရေး ဂိတ်များကို ဆောက်လုပ်ချထားပါသည်။

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသော အစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏လုပ်ငန်းများကို ပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။